တန်ခိုး ဖန်ဆင်းခြင်း

ပါဒကစျာန် အဓိဋ္ဌာန်နှင့် တဖန်ပါဒက စတုတ္ထ ကျတုံ့ အဘိဉာ။

၁။ ပထမဆုံး အဓိဋ္ဌာန်၏ အခြေခံဖြစ်သော ရူပါဝစရစတုတ္ထစျာန်ကို မိမိပြုလုပ်လိုသော ကိစ္စနှင့် အဆင်ပြေသော ကသိုဏ်းကို အာရုံပြုပြီး ဝင်စားရသည်။

တိက္ခပုဂ္ဂိုလ် န.ဒ.မ.ဥ.နု.ဂေါ.ရူပကု (ကြိယာ) စျာန်ဇော အကြိမ်

များစွာ.ဘ.ဘ.

ဤပါဒကစျာန်ဝီထိကို အဓိဋ္ဌာန်၏အခြေခံ ပါဒကစျာန်ဝီထိဟု ခေါ်၏

၂။ အဓိဋ္ဌာန်၏အခြေခံ ပါဒကစျာန်ကိုဝင်စားပြီး ထိုစျာန်မှထကာ မိမိဖြစ်လို ရာကို အဓိဋ္ဌာန်ရသည်၊ အဓိဋ္ဌာန်လိုက်သည့်အခါ ထိုပုဂ္ဂိုလ်၏နှလုံးအိမ်မှာ

မ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ဘ.ဘ အဓိဋ္ဌာန်ဝီထိများ အကြိမ် များစွာဖြစ်သည်။

၃။ ယင်းသို့ အဓိဋ္ဌာန်ပြီးနောက် တဖန် အဘိညာဏ်၏အခြေခံ ပါဒက စ-စျာန်ကို ပြန်ဝင်စားရသည်။ ဤပါဒက စ-စျာန်သည် အဘိညာဏ်၏အခြေခံပါဒကစျာန် ဖြစ်သည်။

၄။ စတုတ္ထမြောက်မှာ ရူပကုသိုလ် စ-စျာန်ဇော တကြိမ်သာ ကျသော အဘိညာဏ်ဝီထိ ဖြစ်လာသည်။ အဘိညာဏ်ဇော တကြိမ်ဖြစ်သည်နှင့် တပြိုင်နက် မိမိပြုလုပ်လို သောကိစ္စများ ဖြစ်ပေါ်လာသည်။

သဒိသာနုပဿနာဝီထိ

န.န.မ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ဇ.ဘ.ဘ.ဘ
(မဟာကုဉာသမ်ဇော)